# အသံအဖွဲ့၏ သတင်းမီဒီယာ စောင့်ကြည့်လေ့လာမှု
# မြန်မာစစ်တပ်၏ "**အတုအယောင် ရွေးကောက်ပွဲ**"နှင့် ဆန့်ကျင်သူများအား ဖြိုခွင်းမှု



# မာတိကာ

၁။ အနှစ်ချုပ်

၂။ နောက်ခံအခြေအနေ – ၂၀၂၅ ရွေးကောက်ပွဲ အချိန်ဇယား

၃။ ဥပဒေပြု၍ ဖိနှိပ်ဖြိုခွင်းခြင်း

၄။ မီဒီယာစောင့်ကြည့်လေ့လာမှု တွေ့ရှိချက်များ – ဖမ်းဆီးမှုနှင့်

တရားစွဲဆိုမှု အချက်အလက်များ

၅။ သုံးသပ်ချက်

၆။ နိဂုံး

# ၁။ အနှစ်ချုပ်

မြန်မာစစ်တပ်သည် အဆင့်ဆင့်ကျင်းပမည့် ၎င်း၏ အတုအယောင် ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် နေ့တွင် စတင်ကျင်းပရန် ကြေညာထားသည်။ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် လွတ်လပ်သော လေ့လာသူများက ဤရွေးကောက်ပွဲကို ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ခြင်းထက် စစ်အာဏာရှင်စနစ် သက်ဆိုးရှည်စေရန် ရည်ရွယ်သည့် "အတုအယောင် ဟန်ပြ ရွေးကောက်ပွဲ" (Sham Election) တစ်ခုအဖြစ် ပြင်းပြင်းထန်ထန် ရှုံ့ချလျက်ရှိသည်။

အသံ၏ မီဒီယာ စောင့်ကြည့်လေ့လာမှုများအရ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စစ်တပ်က ပြဋ္ဌာန်းခဲ့သော "ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ် ပေးရေး ဥပဒေ" ကို အသုံးပြု၍ နိုင်ငံရေးအရ ဖမ်းဆီးမှုများနှင့် တရားစွဲဆိုမှုများ သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရသည်။ ဤဥပဒေသည် ရွေးကောက်ပွဲကို ကာကွယ်ခြင်းထက် စစ်တပ်၏ လုပ်ရပ်များကို ဆန့်ကျင်သည့် ပြောဆိုမှုများ၊ သပိတ်မှောက်ခြင်းများနှင့် အကြမ်းမဖက် ဆန္ဒပြမှု များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ရန် လက်နက်သဖွယ် အသုံးပြုနေခြင်း ဖြစ်သည်။

## ၂။ နောက်ခံအခြေအနေ – ၂၀၂၅ ရွေးကောက်ပွဲ အချိန်ဇယား

- **သတ်မှတ်ရက်စွဲများ** – စစ်တပ်သည် အတုအယောင် ရွေးကောက်ပွဲပထမပိုင်းကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် တွင် စတင်ကျင်းပမည်ဖြစ်ပြီး၊ နောက်ဆက်တွဲ ရွေးကောက်ပွဲများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ဆက်လက်ကျင်းပရန် စီစဉ်ထားသည်။

- **အခြေအနေ** – ဤရွေးကောက်ပွဲသည် NLD ပါတီက တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို ပယ်ဖျက်၍ စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ကာလ နောက်ပိုင်း ပထမဆုံးအကြိမ် ပြုလုပ်မည့် ရွေးကောက်ပွဲဖြစ်သည်။

- **လုံခြုံရေး အခြေအနေ** – စစ်အုပ်ချုပ်ရေး (Martial Law) ကြေညာထားသည့် မြို့နယ်(၆၃) မြို့နယ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ (EAOs)၊ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ (PDFs) ထိန်းချုပ်ထားသည့် နယ်မြေအများစုတွင် မဲကောက်ပွဲ ကျင်းပနိုင်မည် မဟုတ်ပါ။
- **နိုင်ငံတကာ တုံ့ပြန်မှု** – ကုလသမဂ္ဂ (UN)၊ ဥရောပသမဂ္ဂ (EU) နှင့် ဒီမိုကရေစီနိုင်ငံကြီး တချို့က ဤရွေးကောက်ပွဲကို "လွတ်လပ်မျှတမှု မရှိ" ဟု သတ်မှတ်ထားသည်။

## ၃။ ဥပဒေပြု၍ ဖိနှိပ်ဖြိုခွင်းခြင်း

အသံအဖွဲ့၏ စောင့်ကြည့်လေ့လာမှုများအရ ရွေးကောက်ပွဲနှင့် ပတ်သက်၍ ဝေဖန်ထုတ်ဖော်မှုများကို ဖိနှိပ်ဖြိုခွင်းရာတွင် အဓိက အသုံးပြုနေသည့် လက်နက်မှာ ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် ပြဋ္ဌာန်းခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေ"(ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ) ဖြစ်သည်။

**ရွေးကောက်ပွဲကာကွယ်ရေး ဥပဒေ၏ အဓိကပုဒ်မများ ...**

### ပုဒ်မ ၂၃ (က) –

ရွေးကောက်ပွဲ ပျက်စီးစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း သို့မဟုတ် လုပ်ငန်းစဉ်ကို နှောင့်ယှက်စေသည့် စာများ/အွန်လိုင်း အကြောင်းအရာများ ဖြန့်ဝေခြင်း တို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။

### ပုဒ်မ ၂၄ (က) –

မဲဆန္ဒရှင်တစ်ဦးအား မဲပေးခြင်း မပြုနိုင်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ခြိမ်းခြောက်ခြင်း၊ ဟန့်တားခြင်း၊ မလျော်သြဇာသုံးခြင်းတို့ကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။

### ပြစ်ဒဏ်များ –

ထောင်ဒဏ် (အနည်းဆုံး ၃ နှစ်) မှ ထောင်ဒဏ် တစ်သက် သို့မဟုတ် သေဆုံးမှု၊ ပြင်းထန်သော နှောင့်ယှက်မှု ဖြစ်စေပါက သေဒဏ် အထိ ချမှတ်နိုင်သည်။

### သက်ရောက်မှုနယ်ပယ် –

ဤဥပဒေသည် ရွေးကောက်ပွဲကို "နှောင့်ယှက်ခြင်း" ဟုဆိုရာတွင် သပိတ်မှောက်ရန် လှုံ့ဆော်ခြင်း သို့မဟုတ် ရွေးကောက်ပွဲ ကော်မရှင် (UEC) ကို ဝေဖန်ခြင်း အားလုံးကိုပါ အကျုံးဝင်စေရန် စစ်ကောင်စီက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

# ၄။ မီဒီယာ စောင့်ကြည့်လေ့လာမှု တွေ့ရှိချက်များ ဖမ်းဆီးမှုနှင့် တရားစွဲဆိုမှု အချက်အလက်များ

(ဤ)အချက်အလက်များသည် လွတ်လပ်သော **မီဒီယာ ၂၇ ဖွဲ့နှင့် စစ်တပ်ပိုင်မီဒီယာ ၂ ခု** (ကြေးမုံနှင့် မြန်မာအလင်း) တို့၏ သတင်းတင်ပြချက်များကို စောင့်ကြည့် ဖတ်ရှုပြီး စုစည်းထားခြင်းဖြစ်ပြီး အမှန်တကယ် ဖမ်းဆီး၊ တရားစွဲဆို ခံရမှုမှာ ပိုများနိုင်သည်။

## (က) စာရင်း အကျဉ်းချုပ် (၂၀၂၅ ဒီဇင်ဘာလ ၁၅ ရက်နေ့ အထိ)


ရွေးကောက်ပွဲ ဥပဒေဖြင့် အမှုဖွင့်ခံရသူ စုစုပေါင်း – ဥပဒေ စတင် အသက်ဝင်သည့် ဇူလိုင်လ ၂၉ ရက်နေ့မှ နိုဝင်ဘာလအထိ စောင့်ကြည့်မှတ်တမ်းယူမှုများအရ ခန့်မှန်းခြေ **လူပုဂ္ဂိုလ် ( ၁၄၀) ဦး၊ မီဒီယာ (၂ ) ဖွဲ့နှင့် လက်နက်ကိုင် တော်လှန်ရေးအင်အားစု ( ၇ ) ဖွဲ့တို့** သည် ဤဥပဒေအသစ်ဖြင့် အရေးယူခံထားရသည်။ ၎င်းတို့တွင် ဖမ်းဆီးခံရသူများနှင့် မျက်ကွယ်တွင် အမှုဖွင့်ခံရသူများ ပါဝင်သည်။

လူပုဂ္ဂိုလ် ( ၁၄၀) ဦး

မီဒီယာ(၂ ) ဖွဲ့

လက်နက်ကိုင် တော်လှန်ရေး အင်အားစု ( ၇ ) ဖွဲ့


**ရွေးကောက်ပွဲဥပဒေဖြင့် ဖမ်းဆီးအမှုဖွင့်ခံရသူပြဇယား**



- **ဖမ်းဆီးအရေးယူမှုများ မြင့်တက်လာမှု** – ရွေးကောက်ပွဲ မဲဆွယ်ကာလစတင်သည့် နိုဝင်ဘာလတွင် ဖမ်းဆီးမှုနှင့် အမှုဖွင့်အရေးယူမှု အများဆုံး ဖြစ်ပြီး ၇၄ ဦးထိ ရှိသည်။

- ဥပဒေ စတင်အသက်ဝင်ပြီးတလအကြာ စက်တင်ဘာလတွင်ဖမ်းဆီး၊အမှုဖွင့် အရေးယူမှု ၄၄ ဦး ရှိသည်။


**လအလိုက် ရွေးကောက်ပွဲဥပဒေဖြင့် ဖမ်းဆီးအမှုဖွင့်ခံရသူပြဇယား**




- **ကျယ်ပြန့်သော ဖြို့ခွင်းမှု** – ဤအရေးအတွက်သည် အာဏာသိမ်းပြီးချိန်မှစ၍ ပုဒ်မ ၅၀၅(က) ကဲ့သို့သော အခြားပုဒ်မများဖြင့် ဖမ်းဆီးခံထားရသည့် နိုင်ငံရေး အကျဉ်းသား ၃၀,၀၀၀ ကျော်အပြင် ထပ်တိုးလာခြင်း ဖြစ်သည်။

## (ခ) ပစ်မှတ်ထား ခံရသူများ

စောင့်ကြည့်လေ့လာမှုများအရ အောက်ပါ အုပ်စု (၃) စုကို အဓိက ပစ်မှတ်ထားနေကြောင်း တွေ့ရသည် -



## ၁. လူမှုကွန်ရက် သုံးစွဲသူ ပြည်သူများနှင့် အနုပညာရှင်များ

ရွေးကောက်ပွဲကို ဝေဖန်ခြင်း သို့မဟုတ် သပိတ်မှောက်ရန် Facebook တွင် မျှဝေခြင်းတို့ကြောင့် အနုပညာရှင်များ အပါအဝင် ပြည်သူများ ဖမ်းဆီးခံနေရသည်။



- ဥပမာ ၁ – ရှမ်းပြည်နယ်မှ **ကိုနေသွေးသည် အွန်လိုင်း**တွင် ဝေဖန်ရေးသားမှုကြောင့် စက်တင်ဘာလ ၉ ရက်နေ့တွင် ထောင်ဒဏ် ၇ နှစ် ချမှတ်ခံခဲ့ရပြီး၊ ဤဥပဒေသစ်ဖြင့် ပထမဆုံး ပြစ်ဒဏ်ချမှတ်ခံရသူဖြစ်သည်။
- ဥပမာ ၂ – လှိုင်သာယာမြို့နယ်တွင် အနက်ရောင် မဲပုံးပေါ်တွင် ကျည်ဆန်ပုံပါရှိသည့် ရွေးကောက်ပွဲ ဆန့်ကျင်ရေး စာတမ်းပါ ပိုစတာများ လိုက်ကပ်ခဲ့ ကိုရန်နိုင်ကြည်ဝင်း (ခ) ကိုရန်နိုင် အပါအဝင် လူငယ် ၃ ဦးမှာ ထောင်ဒဏ် ၄၉ နှစ် အထိ ချမှတ်ခံခဲ့ရသည်။
- ဥပမာ ၃ – အာဏာသိမ်းမှုကို ပုံဖျက်သရော်ထားသော ရွေးကောက်ပွဲ ဝါဒဖြန့် ဇာတ်လမ်းတို **ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ**ကို ဝေဖန်ခြင်း သို့မဟုတ် ဝေဖန်မှုတွင် ပါဝင်ခဲ့ကြသည်ဟုဆိုကာ ဒါရိုက်တာမိုက်တီး(သန်းထွန်းဇော်)၊ သရုပ်ဆောင် ကျော်ဝင်းထွဋ်(ကျော်မင်းထွဋ်) နှင့်ဟာသသရုပ်ဆောင် အုန်းဒိုင်း(ဇော်မြင့်)တို့ကို အကြမ်းဖက်စစ်တပ်က အောက်တိုဘာ ၂၉ ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့ ၃ ဦးကို နိုဝင်ဘာလလအတွင်းတွင် ရွေးကောက်ပွဲ နှောက်ယှက်မှု ဥပဒေဖြင့် ထောင်ဒဏ် (၇)နှစ်စီ အသီးသီး အမိန့်ချခဲ့သည်။

## ၂. လွတ်လပ်သော မီဒီယာနှင့် သတင်းထောက်များ

- ရွေးကောက်ပွဲ မသမာမှုများကို သတင်းမပို့နိုင်စေရန် မီဒီယာများကို နှုတ်ပိတ်သည့် အနေဖြင့် ဤဥပဒေကို အသုံးပြုနေသည်။

ဥပမာ – ရွေးကောက်ခံ ကိုယ်စားလှယ်လောင်း တစ်ဦး၏ ရာဇဝတ်မှု ပတ်သက်ဆက်နွယ်မှုကို သတင်းရေးသားခဲ့သည့် AAMIJ News နှင့် ၎င်း၏ အယ်ဒီတာများကို နိုဝင်ဘာလအတွင်း ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။

## ၃. တိုင်းရင်းသား အတိုက်အခံများနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ

- NLD, KNU နှင့် အခြား အတိုက်အခံ အဖွဲ့ဝင်များကို အနာဂတ်တွင် နိုင်ငံရေး၌ ပါဝင်ခွင့် မရစေရန် ရည်ရွယ်၍ မျက်ကွယ်တွင် တရားစွဲဆိုလျက် ရှိသည်။
- ဥပမာ – သထုံခရိုင်ရှိ KNU အဖွဲ့ဝင် ၂၂ ဦးကို နိုဝင်ဘာလအတွင်း ဤဥပဒေဖြင့် အစုလိုက် အပြုံလိုက် အမှုဖွင့်ခဲ့သည်။
- ရွေးကောက်ပွဲကို ဆန့်ကျင်ကြောင်း ဆန္ဒပြခဲ့ကြသည့် ကိုတေဇာဆန်းနှင့် ကိုနန်းလင်း အပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁ဂ ဦးကို ရွေးကောက်ပွဲကာကွယ်ရေးဥပဒေပုဒ်မ ၂၃ (ခ) ဖြင့် အမှုဖွင့်အရေးယူထားသည်။

## (ဂ) တရားစီရင်ရေးကို ကျော်လွှန်လုပ်ဆောင်မှုများ – အတင်းအဓမ္မ စစ်မှုထမ်းခိုင်းခြင်း

ရွေးကောက်ပွဲကာကွယ်ရေးဥပဒေဖြင့် ဖမ်းဆီးခံရသူအများစုမှာ တရားရုံးတွင် တရားစွဲဆို ခံရလေ့ရှိသော်လည်း၊ စောင့်ကြည့်လေ့လာမှုများအရ တရားစီရင်ရေး လုပ်ထုံးလုပ်နည်း များကို လုံးဝကျော်လွှန်ပြီး အတင်းအဓမ္မ စစ်မှုထမ်းခိုင်းသည့် စိုးရိမ်ဖွယ်ရာ အခြေအနေ သစ်တစ်ရပ် ပေါ်ပေါက် လာသည်ကို တွေ့ရှိရသည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၂ ရက်နေ့က မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာတွင် ရွေးကောက်ပွဲဆန့်ကျင်ရေး လက်ကမ်းစာစောင်များကို ကောက်ယူဖတ်ရှုပြီး ဝေဖန်ပြောဆိုခဲ့သည့် လူငယ် ၃ ဦးကို သတင်းပေးတိုင်ကြားမှုကြောင့် ဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရသူများအနက် တစ်ဦးကိုမိသားစုက ငွေပေးပြီးပြန်လည်ရွေးထုတ်နိုင်ခဲ့သော် လည်း ကျန်လူငယ်နှစ်ဦးမှာ တရားရုံးတင် စစ်ဆေးခြင်း၊ အမှုဖွင့်တရားစွဲဆိုခြင်း မရှိဘဲ မော်လမြိုင်မြို့အခြေစိုက် အရှေ့တောင် တိုင်းစစ်ဌာန ချုပ် လက်အောက်ခံ အမှတ် (၆) လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ကာ အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာန တခုဖြစ်သည့် သံလွင်တိုင်းမ်တွင် ဖော်ပြထားသည်။

## (ဃ) "လွတ်ငြိမ်းချမ်းသာခွင့်" ဟူသော အာရုံလွှဲမှု

၂၀၂၅ ခုနှစ် နိုဝင်ဘာလနှောင်းပိုင်းနှင့် ဒီဇင်ဘာလဆန်းတွင် စစ်ကောင်စီသည် ပုဒ်မ ၅၀၅ (က)ဖြင့် အကျဉ်းကျခံနေ ကြရသည့် နိုင်ငံရေး အကျဉ်းသား ၃,၀၀၀ ခန့်ကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ သို့သော် ၎င်းသည် မဟာဗျူဟာမြောက် ဝါဒဖြန့်မှု (PR move) သာ ဖြစ်ကြောင်း သုံးသပ်ရသည်။

- လွတ်မြောက်လာသူ အများစုမှာ **ခံဝန်ကတိ**ဖြင့် ပြန်လွှတ်ပေးခြင်း သို့မဟုတ် ထောင်ဒဏ် နှစ်ပြည့်ရန် အချိန်လပိုင်းသာ ကျန်တော့သူများ ဖြစ်ကြသည်။
- လွတ်မြောက်ပြီး ချက်ချင်း ပြန်လည်ဖမ်းဆီးခံရခြင်းများ ရှိကြောင်း သတင်းများက ဖော်ပြသည်။ ဥပမာ – ဘာအံကျောင်းသားသမဂ္ဂ တွဲဖက်အတွင်းရေးမှူး <u>မပိုးပီတိခိုင်</u>ကို ဒီဇင်ဘာ၂ရက်နေ့တွင် လွတ်ပေးပြီး ဒီဇင်ဘာ ၄ ရက်နေ့တွင် ပြန်လည်ဖမ်းဆီးခဲ့သည်။

- **အချိန်ကိုက် လုပ်ဆောင်မှု** – နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းအားဖြင့် ရွေးကောက်ပွဲ မဲဆွယ်ကာလတွင် **"သက်ညှာမှု"** ရှိသယောင် ပြသရန် ရည်ရွယ်သော်လည်း၊ တစ်ဖက်တွင် ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေဖြင့် ဝေဖန်သူများကို ဆက်လက် ဖမ်းဆီးနေဆဲ ဖြစ်သည်။

## ၅။ သုံးသပ်ချက်

အသံအဖွဲ့မှ ကောက်ယူ ရရှိသော အချက်အလက်များအရ ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေသည် အင်တာနက်တွင် ထုတ်ဖော်ပြောဆိုမှုများကိုသာမက မြေပြင်လှုပ်ရှားမှုနှင့် ဆန့်ကျင်မှုများကိုပါ ပိုက်စိတ်တိုက် ဖမ်းဆီးနိုင်ရန် လက်နက်သဖွယ်ဖြစ်သည်။

- **ဆန့်ကျင်မှုကို ရာဇဝတ်မှုပြုခြင်း** – မဲမပေးဘဲ နေခြင်း သို့မဟုတ် မဲမပေးရန် တိုက်တွန်းခြင်းကို အကြမ်းဖက်မှုနှင့် တန်းတူ ရာဇဝတ်မှုကြီး တစ်ခုအဖြစ် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။
- **အကြောက်တရား လွှမ်းမိုးစေခြင်း** – ပြင်းထန်သော ပြစ်ဒဏ်များ (ဥပမာ – ပိုစတာ ကပ်ခဲ့သည့် ကိုရန်နိုင်ကြည်ဝင်းကို ၄၉ နှစ် ချမှတ်ခြင်း) သည် ပြည်သူများကို ကြောက်ရွံ့စေပြီး၊ တရားဝင်မှု ရရှိစေရန်အတွက် မဲရုံသို့ အဓမ္မ သွားရောက်စေရန် ဖိအားပေးသည့် သဘော သက်ရောက်သည်။

## ၆။ နိဂုံး

မြန်မာစစ်တပ်၏ အတုအယောင် ရွေးကောက်ပွဲသည် မဲဆွယ်စည်းရုံးမှုများဖြင့် မဟုတ်ဘဲ ဆန့်ကျင်သူ များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ဖမ်းဆီး ခြင်းများဖြင့် လွှမ်းမိုးနေသည်။ အသံအဖွဲ့က ရရှိထားသော အချက်အလက်များအရ "ရွေးကောက်ပွဲ ကာကွယ်ရေး ဥပဒေ" သည် ၂၀၂၅ ရွေးကောက်ပွဲအကြို ဖြိုခွင်းမှုများ၏ အဓိက ယန္တရား ဖြစ်နေကြောင်း အတည်ပြုနိုင်သည်။ စစ်တပ်သည် နိုင်ငံရေး အတိုက်အခံများကို "ရွေးကောက်ပွဲ နှောင့်ယှက်သူများ" အဖြစ် ပုံဖော်ကာ၊ ဖျောက်ဖျက်ပစ်ခြင်းထက် တရားဥပဒေကြောင်းအရ အရေးယူသည့် ပုံစံဖြင့် တရားဝင်မှု ရယူရန် ကြိုးပမ်းနေခြင်း ဖြစ်သည်။

### ဆက်လက် စောင့်ကြည့်ရန် အကြံပြုချက်များ

၁။ "**လှုံ့ဆော်မှု**" ဆိုင်ရာ စွဲချက်များကို စောင့်ကြည့်ရန် - ပုဒ်မ ၅၀၅(က) နှင့် ရွေးကောက်ပွဲ ဥပဒေ အသစ်ကို ပူးတွဲအသုံးပြု၍ ပြစ်ဒဏ်အများဆုံး ချမှတ်နေသည့် အခြေအနေများကို စောင့်ကြည့်ရန် လိုအပ်သည်။

၂။"**အဓမ္မ မဲပေးခိုင်းမှု**" ကို စောင့်ကြည့်ရန် - အတုအယောင်ရွေးကောက်ပွဲ ပထမပိုင်း ဖြစ်သည့် ဒီဇင်ဘာ ၂၈ ရက် နီးကပ်လာသည်နှင့်အမျှ ရပ်ကွက် အုပ်ချုပ်ရေးမှူးများက မဲစာရင်း မသွင်းသူ/ မဲမပေးသူ များကို ရွေးကောက်ပွဲ ဥပဒေဖြင့် ခြိမ်းခြောက်မှုများ ရှိမရှိ စောင့်ကြည့်ရန် လိုအပ်သည်။

၃။ **မှတ်တမ်းတင်ခြင်း** - အမှုဖွင့်ခံရသူ **၁၄၀ ဦး** ၏ အမည်နှင့် တည်နေရာများကို ဆက်လက် အတည်ပြု မှတ်တမ်းတင်ထားရန် လိုအပ်သည်။ သို့မှသာ ၎င်းတို့ကို ရာဇဝတ်သားများ မဟုတ်ဘဲ နိုင်ငံရေး အကျဉ်းသားများအဖြစ် အသိအမှတ်ပြုနိုင်မည် ဖြစ်သည်။